၇-၀၄။ လုပ်ငန်းဆောင်ရွက်သူသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တွင် ဆက်သွယ်ရေးကဏ္ဍတိုးတက်ကောင်းမွန်စေရန် လုပ်ငန်းစတင် လည်ပတ်သည့် အချိန်မှစ၍ လိုအပ်သော ဆက်သွယ်ရေးနည်းပညာကဏ္ဍနှင့် ပတ်သက်၍ အကြံဉာဏ် ပေးခြင်း၊ အကူအညီပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

၇-၀၅။ လုပ်ငန်းအတွက် မြေနေရာအသုံးပြုမှုကို ကိစ္စရပ်တစ်ခုချင်းအလိုက် လုပ်ငန်း ဆောင်ရွက်ခွင့်ပြုသူသို့ တင်ပြအတည်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရမည်။

၇-၀၆။ လုပ်ငန်းဆောင်ရွက်သူသည် မြေနေရာအသုံးပြုမှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာရမည်-

- လုပ်ငန်းဆောင်ရွက်သည့်မြေနေရာတွင် နိုင်ငံတော်အတွက် လမ်း၊ တံတား အသစ် တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းနှင့် အခြားဖွံ့ဖြိုးမှု လုပ်ငန်းများ ဆောင်ရွက်ရန် မလွတ်ကင်းသော အခြေအနေများ ပေါ်ပေါက်လာပါက လက်ရှိ လုပ်ငန်း(များ)ဆောင်ရွက်သည့်နေရာမှ မိမိစရိတ်ဖြင့် သတ်မှတ်ချိန်အတွင်း ဖယ်ရှား ပေးရမည်။
- မြေနေရာကို ဤသဘာတူစာချုပ်ပါ လုပ်ငန်းကိစ္စရပ်အတွက်သာလျှင် သီးသန့် အသုံးပြုရမည်။
- အသုံးပြုသည့်မြေနေရာကို အခြားတစ်ဦးဦးသို့ မည်သည့်နည်းနှင့်မျှ လွှဲပြောင်းခြင်း မပြုရ။ မြေနေရာအသုံးပြုရာတွင် မြေနေရာပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးခြင်း မရှိစေရ။

၇-၀၇။ ဤသဘောတူစာချုပ်ပါ လုပ်ငန်း(များ)ဆောင်ရွက်ခြင်းအတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက ကောက်ခံသော အဖိုးအခများအားလုံးကို ကျခံပေးသွင်းရမည်။

၇-၀၈။ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို(၃)လတစ်ကြိမ် (သို့မဟုတ်) လုပ်ငန်းပြောင်း လဲမှုရှိတိုင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူကို အစီရင်ခံတင်ပြရမည်။

၇-၀၉။ ဤသဘောတူစာချုပ်ပါ လုပ်ငန်းဆောင်ရွက်ခြင်းကို တည်ဆဲဥပဒေများနှင့် အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။ လုပ်ငန်းဆောင်ရွက်သူသည် သဘောတူစာချုပ် သက်တမ်း အတွင်း ပစ္စည်းကိရိယာများနှင့်တိုင်များကို ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများအတွက် လိုအပ်ပါက အာမခံထားရှိခြင်းကို ပြုလုပ်ရမည်။

၇-၁၀။ သဘောတူစာချုပ်ရပ်စဲလျှင်ဖြစ်စေ၊ သက်တမ်းကုန်ဆုံးလျှင်ဖြစ်စေ၊ တည်ဆောက် တပ်ဆင်ထားသောပစ္စည်းများကို မိမိစရိတ်ဖြင့် ချက်ခြင်းဖယ်ရှား၍ မြေပြင်ကိုမူလ အနေအထားအတိုင်း ရောက်ရှိစေရန် လုပ်ငန်းဆောင်ရွက်သူက တာဝန်အရ ဆောင်ရွက်ပေးရမည်။ လိုက်နာဆောင်ရွက်မှုမရှိပါက လုပ်ငန်းဆောင်ရွက် ခွင့်ပြုသူ၏ အခြားအခွင့်အရေးများကို ထိခိုက်စေခြင်းမရှိဘဲ ယင်းအနေအထားရောက်စေရန် ဆောင်ရွက်နိုင်ပြီး ကုန်ကျစရိတ်ကို လုပ်ငန်းဆောင်ရွက်သူထံမှ ပြန်လည်ရပိုင်ခွင့် ရှိစေရမည်။